# တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်နယ်/လူမျိုးကိုယ်စားပြု ဖက်ဒရယ်ကောင်စီများ၏ ထုတ်ပြန်ကြေညာချက် (၀၁/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

၁။ မိမိတို့သည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသောပြည်နယ်များဖြင့်စုဖွဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး အတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။ အကြမ်းဖက်စစ်ကောင်စီ၏ အာဏာသိမ်းမှုကို ဆန့်ကျင်အံတုသော ပြည်သူများနှင့် လက်တွဲ၍ အာဏာရှင်စနစ် အမြစ်ပြတ် ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်လျက်ရှိသည်။

၂။ စစ်ရေးအရ အကြမ်းဖက်စစ်ကောင်စီကို တော်လှန်တိုက်ခိုက်နေပြီး နိုင်ငံရေးအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ဦးတည်ချက် (၆) ရပ်၊ ရပ်တည်ချက် (၉) ရပ်နှင့် လုပ်ငန်းစဉ် (၆) ရပ် ပါရှိသော **"စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသောအဖွဲ့များ၏ ဘုံသဘောထား ရပ်တည်ချက်"** ကို ထုတ်ပြန်ကြေညာခြင်း၊ နောက်ဆက်တွဲထောက်ခံပါဝင်ခြင်း နှင့် ပိုမိုကျယ်ပြန့် သောအဖွဲ့များ ပါဝင်လာရေးအတွက် ဆက်လက်ဆွေးနွေး ညှိနှိုင်းမှုများကို မြှင့်တင်ဆောင်ရွက်ခြင်း များကို ပြုလုပ်လျက်ရှိပါသည်။

၃။ မိမိတို့သည် "ပြည်နယ် အားကောင်းရေး မှ ပြည်ထောင်စုအားကောင်းရေး" (Bottom-up Federalism Approach) ချဉ်းကပ်မှုဖြင့် တော်လှန်ရေးကာလ/ကြားကာလမှ စတင်ကာ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ကို လက်တွေ့တည်ဆောက် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို လိုလားသောအဖွဲ့အစည်းများ အားလုံးနှင့် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်းကို တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများနှင့် ပြည်နယ်/ လူမျိုးဖက်ဒရယ်ကောင်စီများ ပါဝင်သော အဖွဲ့အစည်း (၉) ဖွဲ့မှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် သဘောထား ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။

၄။ ဗဟိုချုပ်ကိုင်မှုစနစ်သည် အစိုးရအဆက်ဆက်၏ ဆယ်စုနှစ် ခုနှစ်ခုကျော်တိုင် တည်ရှိနေသည့် နက်ရှိုင်းသော နိုင်ငံရေး ပြဿနာများကို မဖြေရှင်းနိုင်ရုံမက နောက်ဆက်တွဲ ပိုမိုရှုပ်ထွေးသည့် ထပ်ဆင့် ပြဿနာများကို ဖြစ်ပေါ်စေသည်မှာ ပကတိအရှိတရားပင် ဖြစ်ပါသည်။

၅။ မိမိတို့သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို တော်လှန်ရေးကာလ/

ကြားကာလ မှ စတင်ကာ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်မှုကို လက်တွေ့ဖော်ဆောင်ပြီး အသွင်ကူးပြောင်းရေးကာလအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ သက်ရောက်မှုရှိသော အုပ်ချုပ်ရေးစာတမ်း (Governing Document) အဖြစ် ကျင့်သုံးဆောင်ရွက်သွားရန် **ဖက်ဒရယ်အသွင်ကူးပြောင်းရေး အစီအမံဆိုင်ရာ အခြေခံဥပဒေ** Articles of Federal Transitional Arrangement (AFTA) အား စတင်ပြင်ဆင်ရေးဆွဲနေပြီ ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ စစ်အာဏာရှင် ချုပ်ငြိမ်းရေးအတွက် အတူတကွ တော်လှန်တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် တော်လှန်ရေးကာလ/ကြားကာလမှ စတင်ကာ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတွင် ဗဟိုချုပ်ကိုင်မှု စနစ် (Centralization) အသစ်တဖန်ပြန်လည်အားကောင်းစေမည့် ဗဟိုအခြေပြု ဖက်ဒရယ်စနစ် (Holding Together) ကို လက်ခံကျင့်သုံးသွားမည် မဟုတ်ကြောင်းနှင့် "ပြည်နယ်အားကောင်းရေး မှ ပြည်ထောင်စု အားကောင်းရေး" (Bottom-up Federalism Approach) အခြေခံ ချည်းကပ်မှုဖြင့် သာ တိုင်းပြည်ကို ပြန်လည်တည်ဆောက်သွားနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(၁) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
(၂) ကရင်အမျိုးသားအစည်းအရုံး (KNU)
(၃) ချင်းအမျိုးသားတပ်ဦး (CNF)
(၄) မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်ဆန့်ကျင်ရေး) (NMSP-AD)
(၅) ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC)
(၆) ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)
(၇) မွန်ပြည်နယ် ဖက်ဒရယ်ကောင်စီ (MSFC)
(၈) တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC)
(၉) အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) - WLB


ဆက်သွယ်ရန် ပုဂ္ဂိုလ်

၁။ အောင်ဆန်းမြင့် (+၆၆ ) ၀၆၃၀၇၄၉၀၈၆
၂။ နန်းမို့မို့ (+ ၆၆ ) ၀၆၅၉၅၆၆၃၀

**Ethnic Resistance Organizations and Federal Councils Representing State/Nationalities Joint Statement (01/2025)**

12 February 2025

1. We are resistance organizations who have unwaveringly committed to the establishment of a federal democratic union through states that enjoys full rights to democracy, equality, and self-determination. We are collaborating with people who have opposed the military coup to root out dictatorship and establish of a federal democratic union.

2. While confronting the atrocious junta by military means, on political front we realeased **"Joint Position Statement by Allied Organizations Engaged in Revolutionary Struggle towards Annihilation of Military Dictatorship and Establishment"** of a Federal Democratic Union on 31 January 2024, which detailed six objectives, nine positions, and six action plans. Additionally, we have stepped up our engagement with other stakeholders for broader endorsement on the statement and wider participations by other groups.

3. Nine ethnic resistance organizations and councils representing states/nationalities also announced on 19 September 2024 to implement the bottom-up federalism approach in pursuance of a strong federal democratic union through strengthened state-level structures starting from the revolutionary/interim period, and to cooperate with all stakeholders who want to establish a federal democratic union.

4. It is an existential reality that the sucessive centralized systems have not only failed to address Myanmar's political crises for over seven decades but have also deepened them.

5. In order to establish a federal democratic union starting from the revolutionary/interim period, we are developing the Articles of Federal Transitional Arrangement (AFTA) as a governing document with effects of a constitution for the transitional period, and will implement it upon its completion.

6. Therefore, we, the undersigned, who have collaborated in the removal of military dictatorship, will not accept a holding together federal model that will renew centralization. Instead, we will rebuild our country as a strong nation through bottom-up federalism by strengthening the states.

1) Karenni National Progressive Party (KNPP)
2) Karen National Union (KNU)
3) Chin National Front (CNF)
4) New Mon State Party (Anti-Military Dictatorship) – NMSP-AD
5) Karenni State Consultative Council (KSCC)
6) Pa-O National Federal Council (PNFC)
7) Mon State Federal Council (MSFC)
8) Ta'ang Political Consultative Committee (TPCC)
9) Women's League of Burma (WLB)

**Contact Person**
1. Aung Sun Myint - (+66)063 074 9087
2. Nan Moet Moet - (+66)065 955 6630